
စိတ်ကူးချိုချိုအနုပညာ

# THE USAGES OF WORDS FOR IELTS

# IELTS အတွက် စကားလုံးများအသုံးအနှုန်း

## မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)




mgyoe.com



# IELTS အတွက်
# စကားလုံးများအသုံးအနှုန်း

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

MMM0030

2,300.00 KS

mgyoe.com

IELTS အတွက် စကားလုံးများအသုံးအနှုန်း၊ ဟောင်ဟောင်ပြင့်သိန်း(စက်မှုတက္ကသိုလ်)
စာမျက်နှာ ၁၇၁+ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးဝန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးသိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# IELTS အတွက် စကားလုံးများအသုံးအနှုန်း

# THE USAGES OF WORDS FOR IELTS

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

IELTS ဖြေဆိုတဲ့အခါ ဝေါဟာရများကို ပိုင်နိုင်ဖို့ လိုအပ်သလို စကားလုံးတွေ (Words) ရဲ့ အသုံးအနှုန်း (usage) တွေကိုလည်း သူ့နေရာနဲ့သူ သုံးစွဲပြီး ဝါကျတွေ ဖွဲ့သီတတ်ဖို့ အရေးကြီးပါတယ်။ စကားလုံးတွေရဲ့ ကွဲပြားတဲ့အသုံးအနှုန်းတွေ သိရှိလေ့လာနိုင်ဖို့ စုစည်းတင်ပြလိုက်ပါတယ်။

## အခန်း(၁)

### 1. Personality and Character

Personality နဲ့ Character ဟာ အလွန်နီးစပ်စပ်ရှိတဲ့ အဓိပ္ပာယ်ဖြစ်ပေမဲ့ တူညီတဲ့နည်းလမ်းနဲ့ အမြဲမသုံးပါဘူး။

(a) Personality ရဲ့ အဓိပ္ပာယ်ကတော့ အထူးသဖြင့် လူမှုရေးအရ သင်ပြုမူတဲ့၊ ခံစားတဲ့၊ စဉ်းစားတွေးတောတဲ့ နည်းလမ်းကို ဆိုလိုပါတယ်။

တိုက်ရိုက်အားဖြင့် ပင်ကိုစရိုက်၊ ကိုယ်ရည်ကိုယ်သွေးလို့ အဓိပ္ပာယ်ဖွင့်ကြပါတယ်။

**e.g** She's always the life and soul of the party because she has such a bubbly **personality.**

သူမမှာ အဖွဲ့ရဲ့ ဘဝရဲ့စိတ်ရင်းစိတ်ထား အစဉ်အမြဲရှိတယ် ဘာ့ကြောင့်လဲဆိုတော့ သူမမှာ အဲဒီလိုတက်ကြွပျော်ရွှင်တဲ့ ပင်ကိုစရိုက်ရှိလို့ပါပဲ။

Personality ကို plural noun(အများကိန်းနာမ်) အနေနဲ့ အသုံးပြုနိုင်ပါတယ်။

**e.g** I didn't get along with my business partner because our **personalitites** clashed.

mgyoe.com

mgyoe.com

ကျွန်တော်ရဲ့ ပင်ကိုစရိုက်တွေ သဘောထားချင်း ကွဲလွဲတဲ့အတွက်ကြောင့် ကျွန်တော်ဟာ ကျွန်တော့်ရဲ့ စီးပွားရေးလုပ်ဖော်ကိုင်ဖက် ပါတနာနဲ့ အဆင်မပြေခဲ့ပါဘူး။

(b) Characteristic = things that are typical or noticeable about a person or thing.

(It can be a noun or an adjective)

လူပုဂ္ဂိုလ်တစ်ဦး (သို့) အရာဝတ္ထုပစ္စည်းတစ်ခုနဲ့ ပတ်သက်လို့ ပုံစံကျတဲ့ (သို့) သတိပြုဖွယ်ကောင်းတဲ့ အရာတွေကို Characteristic လို့ခေါ်ပါတယ်။ ဒီစကားလုံးကို နာမ်(သို့) နာမဝိသေသနအနေနဲ့ အသုံးပြုနိုင်ပါတယ်။ Characteristic ကို noun အနေနဲ့ ထူးခြားသော ပင်ကိုလက္ခဏာကိုလို့ အဓိပ္ပာယ်ဖွင့်နိုင်ပြီး Adjective အနေနဲ့ ထူးခြားသောလို့ ယူဆနိုင်ပါတယ်။

**e.g** Children may display **Characteristics** of either of their parents.

ကလေးတွေက သူတို့ မိဘတစ်ဦးဦးရဲ့ ထူးခြားတဲ့ ပင်ကိုလက္ခဏာတွေကို ပြသနိုင်ပါတယ်။

## 2. Change

(a) Change is often used in the active form when it has a passive sense.

Change(ပြောင်းလဲမှု / ပြောင်းလဲသည်) စကားလုံးဟာ ပြုလုပ်ခံရတဲ့ passive အဖြစ်ရှိပေမဲ့ ပြုလုပ်မှုပြပုံစံ Active form မှာ မကြာခဏ အသုံးပြုပါတယ်။

**e.g** My home town **has changed recently.**

ကျွန်တော်တို့မြို့ဟာ မကြာသေးမီက ပြောင်းလဲခဲ့ပြီး ဖြစ်ပါတယ်။ ဆိုလိုတာက My home town has been changed recently လို့ သုံးလို့မရပါ။ (passive voice)

(b) Try to use a range of adjective and adverbs to intensity (or) weaken the word 'change'.

Change ဆိုတဲ့ စကားလုံး အားနည်းစေဖို့ (သို့) ပြင်းထန်စေဖို့ Ad-

mgyoe.com

mgyoe.com

jective နဲ့ Adverbs တွေကို အသုံးပြုဖို့ ကြိုးစားပါ။

**e.g(1)** There was **a profound change** in attitudes.

သဘောထားအမြင်တွေမှာ လေးနက်ကြီးကျယ်တဲ့ ပြောင်းလဲမှု တစ်ခု ရှိခဲ့ပါတယ်။

**e.g(2)** **Attitudes changed completely**

သဘောထားအမြင်တွေ လုံးဝပြောင်းလဲခဲ့တယ်။

Attitudes had a big change လို့မသုံးပါနဲ့။

(c) Change ရဲ့နောက်မှာ အသုံးပြုတဲ့ preposition တွေကို ဂရုစိုက်ပါ။

**e.g (1)** There has been **a change in our plans.**

ကျွန်တော်တို့ရဲ့ စီမံချက်တွေမှာ ပြောင်းလဲမှုတစ်ခုရှိခဲ့ပါပြီ။

**e.g(2)** We have made some change to the design.

ကျွန်တော်တို့ဟာ ဒီဇိုင်းမှာ ပြောင်းလဲမှုအချို့ပြုလုပ်ထားပြီးပါပြီ။

## 3. Individuality/ behaviour/ originality

(a) The words **individuality** and **behaviour** are almost always used in the singular, not the plural.

Individuality နဲ့ behaviour စကားလုံးတွေဟာအများကိန်းအနေနဲ့ မသုံးဘဲ အနည်းကိန်းအနေနဲ့ အစဉ်အမြဲသုံးလေ့ရှိပါတယ်။

**e.g(1)** Everyone should try to maintain their individuality.

လူတိုင်းဟာ သူတို့ရဲ့တစ်ဦးချင်း ပုဂ္ဂလိကဖြစ်မှု (သီးခြားဖြစ်မှု)ကို ထိန်းသိမ်းဖို့ ကြိုးစားသင့်ပါတယ်။

**e.g(2)** Parents are responsible for their children's behaviour.

မိဘတွေက သူတို့သားသမီးတွေရဲ့ အပြုအမူကို တာဝန်ယူရပါတယ်။

(b) **Originality is used to refer** to a piece of work that is not copied from others.

Originality ကိုတော့တခြားသူတွေမှ အတုယူခြင်းမဟုတ်တဲ့ အလုပ် အစိတ်အပိုင်းကို ရည်ညွှန်းဖို့ အသုံးပြုပါတယ်။

**e.g** I don't like his style, but you have to admire the **originality** of his work.

mgyoe.com

mgyoe.com

ကျွန်တော်ကတော့ သူ့ပုံစံကို မနှစ်သက်ပါဘူး။ ဒါပေမဲ့ မင်းအနေနဲ့ သူ့အလုပ်ရဲ့ တစ်မူထူးခြားစိတ်ဝင်စားစရာကောင်းတဲ့ အမျိုးအစားကိုနှစ်သက် သဘောကျရလိမ့်မယ်။

## 4. Community

Community ကို Collocations နဲ့တွဲသုံးလေ့ရှိပါတယ်။ လူမှုအသိုက်အမြုံသဘော အဓိပ္ပာယ်ယူနိုင်ပါတယ်။

**e.g(1)** rural community (ကျေးလက်လူမှုအသိုက်အမြုံ)

**e.g(2)** ethnic community (လူမျိုးစုအသိုက်အမြုံ)

## 5. Absolutely/ Extremely

(a) Extreme adjective တွေဖြစ်တဲ့ impossible, starving, disastrous တွေကို extreme adverb တွေနဲ့သာ အသုံးပြုနိုင်ပါတယ်။

**e.g(1)** absolutely (လုံးဝ)

**e.g(2)** extremely (အလွန်အမင်း)

**e.g(1)** It is **absolutely impossible** for governments to control our unsatisfaction.

ကျွန်တော်တို့ရဲ့ မကျေနပ်ချက်တွေကို ထိန်းချုပ်ဖို့ အစိုးရတွေအတွက် လုံးဝမဖြစ်နိုင်ပါဘူး။

**e.g(2)** When I was diagnosed with diabetes, they told me I couldn't eat chocolate. Which I found **extremely difficult.**

ကျွန်တော်ဟာ ဆီးချိုရောဂါကို ရောဂါရှာဖွေခဲ့တဲ့အခါ ကျွန်တော် ချောကလက်မစားရသေးဘူးလို့ သူတို့ကပြောခဲ့တယ်။ ဒါဟာ ကျွန်တော့်အတွက်တော့ အလွန်အမင်း ခက်ခဲစေပါတယ်။

(b) **'Extremely'** is used with the same kind of adjectives as **very** and **so** is not extreme adverb.

**Extremely** ကိုတချို့အလားတူ **Adjective** တွေဖြစ်တဲ့ **very** နဲ့

mgyoe.com

mgyoe.com

so နဲ့အတူ အသုံးပြုတဲ့အခါ **extreme adverb** မဟုတ်တော့ဘူး။
Most adjectives which can be used with 'very' can also be used with **highly, slightly** and **extremely.**
very နဲ့အသုံးပြုနိုင်တဲ့ Adjective အများစုဟာ highly, slightly နဲ့ extremely နဲ့ အသုံးပြုနိုင်ပါတယ်။

**e.g(1)** We found that the acidity of the soil was **slightly lower** than the week before.
မြေသားရဲ့ အက်ဆစ်ဓာတ်ဟာ ယခင်သီတင်းပတ်ထက် အနည်းငယ်ပိုနည်းတယ်ဆိုတာ ကျွန်တော်တို့တွေ့ခဲ့ပါတယ်။

**e.g(2)** The coastline has been spoiled by the illegal dumping of **highly toxic** industrial waste.
ပင်လယ်ကမ်းရိုးတန်းဟာ အလွန်အမင်းအဆိပ်ရှိတဲ့ စက်မှုလုပ်ငန်း စွန့်ပစ်ပစ္စည်းတွေ တရားမဝင် စွန့်ပစ်ခြင်းကြောင့် ပျက်စီးသွားပါပြီ။

❒

mgyoe.com

mgyoe.com

## အခန်း(၂)

**1. Knowledge (n) = အသိပညာ ဗဟုသုတ**

Knowledge စကားလုံးနဲ့ Article, Verb နဲ့ preposition တွေကို အသုံးပြုတဲ့အခါမှာ ဂရုတစိုက်သုံးစွဲပါ။

e.g(1) You have a gap **in your knowledge.**
သင့်ဗဟုသုတမှာ သင့်မှာ ကွာဟချက်တစ်ခုရှိတယ်။ **in your knowledge** နေရာမှာ of your knowledge ကို အသုံးပြုလို့ မရပါ။

e.g(2) **His knowledge of** classical music is amazing.
ဂန္ထဝင်တေးဂီတဆိုင်ရာ သူ့ရဲ့အသိပညာဗဟုသုတကတော့ အံ့အားသင့်စရာ ကောင်းလှပါတယ်။
His knowledge of အစား His knowledge about/for ကို အသုံးပြုလို့မရပါ။

e.g(3) Visitors should **acquire knowledge of** the local customs.
ဧည့်သည်တွေဟာ ဒေသဆိုင်ရာ ဓလေ့ထုံးစံတွေရဲ့ ဗဟုသုတတွေကို ရယူသင့်ပါတယ်။
acquire knowledge အစား get the knowledge ကို အသုံး ပြုလို့မရပါ။

mgyoe.com

mgyoe.com

## 2.Advertising and Advertisement

**Advertising** describes the business of persuading people to buy things. Advertising (ကြော်ငြာခြင်း) ဆိုတာ ပစ္စည်းတွေ ဝယ်ဖို့ လူတွေကို ဆွဲဆောင်နေတဲ့ လုပ်ငန်းကိုဖော်ပြပါတယ်။

Advertisement ရဲ့အတိုကောက်စကားလုံးကတော့ adver နဲ့ ad တို့ဖြစ်ကြပါတယ်။ သူတို့ကို တစ်စုံတစ်ရာရောင်းချဖို့ ပုံနှိပ်ခြင်း၊ အသံ (သို့) ရုပ်ရှင်ဖြင့် ပြသခြင်းပြုတဲ့အခါ အသုံးပြုဖို့ ရည်ညွှန်းသုံးစွဲပါတယ်။

**e.g(1) I saw a funny advertisement on TV.**
တီဗွီမှာ ရယ်မောဖွယ်ရာ ကြော်ငြာတစ်ခုကို ကျွန်တော် တွေ့မြင်ခဲ့ပါတယ်။
A funny advertising လို့ အသုံးပြုလို့မရပါ။

**e.g(2)** Commercial is only used for ads on radio or TV.
စီးပွားရေးကြော်ငြာကို ရေဒီယို(သို့)တီဗွီကြော်ငြာအတွက်သာ အသုံးပြုပါတယ်။

## 3. Stuff and goods, products or items

Stuff စကားလုံးဟာ informal စကားလုံးဖြစ်လို့ IELTS စာမေးပွဲမှာ အသုံးမပြုသင့်ပါ။ သူ့အစားပိုမိုတိကျတဲ့ စကားလုံးတွေဖြစ်တဲ့ goods (ကုန်စည်များ)၊ products (ထုတ်ကုန်ပစ္စည်းများ) items (အမျိုးအမည်များကို) အသုံးပြုပါ။

## 4. Things (အရာဝတ္ထုများ)

Things အစား goods, products, clothing, possessions နဲ့ items တို့ကို အစားထိုးသုံးစွဲနိုင်ပါတယ်။

**e.g** Luxury goods (ဇိမ်ခံပစ္စည်းများ)
handmade products (လူလုပ်ထုတ်ကုန်ပစ္စည်းများ)
personal possessions (လူပုဂ္ဂိုလ်ပိုင်ဆိုင်မှုများ)
essential items (မရှိမဖြစ်လိုအပ်သော အမျိုးအမည်များ)

mgyoe.com

mgyoe.com


## 5. Tourism and Tourist

Tourist နဲ့ Tourism စကားလုံးတွေကို အောက်ပါအတိုင်း တွဲသုံးလို့ရပါတယ်။

**e.g** tourist attraction = ခရီးသွားဆွဲဆောင်ရေး
tourist trade = ခရီးသည် ကုန်သွယ်မှု
tourist season = ခရီးသွားရာသီကာလ
tourist centre = ခရီးသွားအချက်အချာနေရာ
tourist information = ခရီးသည်သတင်းအချက်အလက်
tourist destination = ခရီးသည်လမ်းဆုံးနေရာ
tourist industry = ခရီးသွားလုပ်ငန်း
international tourism = နိုင်ငံတကာခရီးသွားလုပ်ငန်း

## 6. Compound adjective

Compound adjective တွေဟာ noun ကို modify ပြုလုပ်ပါတယ်။ Compound adjective မှာ နှစ်ခု(သို့)နှစ်ခုထက်ပိုမိုတဲ့ noun(သို့) Adjective တွေပါရှိပါတယ်။ ပထမစကားလုံးဟာ ဒုတိယ စကားလုံးရဲ့ အဓိပ္ပာယ်ကို ကန့်သတ်ထားပါတယ်။

**e.g** a high-frequency item ကြိမ်နှုန်းမြင့်မားသော အမျိုးအစား
High စကားလုံးဟာ item ကို modify ပြုလုပ်ထားတဲ့ frequency ကို ကန့်သတ်ထားပါတယ်။
Compound adjective တွေကို noun ရှေ့မှာထားတဲ့အခါ hyphen ကို များသောအားဖြင့် ထည့်ရေးရပါတယ်။

**e.g** a high - frequency item
Adverbs တွေကလည်း Adjective နဲ့ noun ကို modify လုပ်နိုင်ပါတယ်။ ဒါပေမဲ့ hyphen အသုံးပြုစရာမလိုပါ။

**e.g** a **highly** significant change
အလွန်အမင်း ထူးခြားသော ပြောင်းလဲမှု

## 7.Travel/ Trip/ Journey

**Travel** ကို **verb** အနေနဲ့ သုံးနိုင်ပါတယ်။

mgyoe.com

**e.g** I travel a lot this year.

ဒီနှစ်မှာ ကျွန်တော် ခရီးအများကြီးသွားတယ်။

Travel ကို ယေဘုယျအမြင်အနေနဲ့ noun အနေနဲ့ အသုံးပြုနိုင်ပါတယ်။

**e.g Travel** broadens the mind.

ခရီးသွားခြင်းက စိတ်ကို ကျယ်ပြန့်စေပါတယ်။

Trip ကတော့ ခရီးကို ရည်ညွှန်းသုံးစွဲပါတယ်။

**e.g(1)** business trip (စီးပွားရေးလုပ်ငန်းဖြင့် သွားသောခရီး)

**e.g(2)** I'm going away on a **trip.**

ကျွန်တော် အဝေးကို ခရီးသွားနေတယ်။

Journey ကတော့ တစ်နေရာမှတစ်နေရာသို့ ရောက်ရှိခြင်းကို ရည်ညွှန်းသုံးစွဲပါတယ်။

**e.g** The Journey by train is very comfortable.

ရထားနဲ့ခရီးသွားခြင်းဟာ အလွန်သက်သောင့်သက်သာရှိပါတယ်။

## 8. Common collocations with 'travel'

**e.g** travel operator = ခရီးသွားအော်ပရေတာ

travel guide = ခရီးသွားလမ်းညွှန်

travel industry = ခရီးသွားလုပ်ငန်း

travel documents = ခရီးသွားအထောက်အထားများ

travel restrictions = ခရီးသွားကန့်သတ်ချက်များ

## 9. government (အစိုးရ)

government ဆိုတဲ့ စကားလုံး ကျောင်းသားတွေမှားတတ်တဲ့ စကားလုံးပါ။ government ကို govern + ment ဆိုပြီး ခွဲလိုက်ရင် မှတ်မိလွယ်ပါတယ်။

**e.g** the government's job is to govern the country.

အစိုးရရဲ့အလုပ်ဟာ တိုင်းပြည်ကို အုပ်ချုပ်ဖို့ပါပဲ။

❒

mgyoe.com

mgyoe.com

## အခန်း(၃)

1. Nature/ Country side/ Landscape/ Area Nature refers to all the things in the world that are not created by people.

Nature (သဘာဝ)ဆိုတာ လူတွေကဖန်တီးတဲ့ ကမ္ဘာပေါ်က အရာအားလုံးကို ရည်ညွှန်းပါတယ်။

Nature ရှေ့မှာ the ကိုအသုံးပြုလို့မရပါ။

**e.g** I love wildlife and anything to do with **nature.**

ကျွန်တော်ဟာ တောရိုင်းဘဝကို နှစ်သက်ပြီး သဘာဝတရားနဲ့ပြုလုပ်ဖို့ တစ်စုံတစ်ရာကို နှစ်သက်ပါတယ်။

**Countryside** is areas of land where there are no house or cities.

**Countryside** side ဆိုတာ အိမ်တွေ(သို့မဟုတ်) မြို့တွေမရှိတဲ့ မြေဧရိယာတွေပဲ ဖြစ်ပါတယ်။ ကျေးလက်ဒေသလို့ဆိုနိုင်ပါတယ်။

**Landscape** is the appearance (or view) of the countryside.

**Landscape** ဆိုတာ ကျေးလက်ဒေသရဲ့အသွင်အပြင် (မြင်ကွင်း)ပဲ ဖြစ်ပါတယ်။ မြေယာရှုမျှော်ခင်းလို့လည်း ခေါ်ကြပါတယ်။

mgyoe.com

mgyoe.com

**e.g(1)** We took an enjoyable walk in the **countryside.**
ကျွန်တော်တို့ဟာ ကျေးလက်ဒေသမှာ ပျော်ရွှင်ဖွယ်ရာကောင်းတဲ့ လမ်းလျှောက်ခြင်းပြုလုပ်ခဲ့ပါတယ်။

**e.g(2)** The landscape nearly Shwedagon pagoda is interest ing.
ရွှေတိဂုံဘုရားအနီးက မြေယာရှုမျှော်ခင်းက စိတ်ဝင်စားစရာကောင်းလှပါတယ်။

**Area** is a more general form for a place, place land or country.
ဧရိယာဆိုတာ နေရာတစ်ခု၊ မြေအစိတ်အပိုင်း(သို့) နိုင်ငံအစိတ်အပိုင်းအတွက် ပိုမိုယေဘုယျကျတဲ့ အခေါ်အဝေါ် ဖြစ်ပါတယ်။

**e.g** Too many tourists are visiting this **area.**
တိုးရစ်အတော်များများက ဒီဧရိယာကို လည်ပတ်နေကြတယ်။

## 2. Earth (ကမ္ဘာမြေကြီး)

Earth ရှေ့တွင် the သုံးရန် အရေးကြီးပါတယ်။

**e.g** It would be amazing to look down on the earth from space.
အာကာသမှ ကမ္ဘာမြေကြီးကို ကြည့်ရတာ အံ့သြဖွယ်ကောင်းလှပါတယ်။

## 3. Internet and Computer

Internet နဲ့ Computer တွင် preposition အသုံးပြုရန်သတိပြုပါ။

e.g(1) I found it **on the internet.**
ငါ အဲဒါကို အင်တာနက်မှာ တွေ့ခဲ့တယ်။

e.g(2) Why don't you look it up **on the computer?**
ကွန်ပျူတာမှာ အဲဒါကို မင်းဘာကြောင့် မကြည့်တာလဲ။

## 4. Fashion

**Fashion** can be both countable or uncountable noun.
**Fashion** (ဖက်ရှင်)ကို ရေတွက်လို့ရတဲ့နာမ်နဲ့ ရေတွက်လို့မရတဲ့နာမ်

mgyoe.com

mgyoe.com

နှစ်ခုလုံးမှာ အသုံးပြုနိုင်ပါတယ်။
အဝတ်အထည်ရဲ့ ကွဲပြားခြားနားတဲ့ အမျိုးအစားတွေအကြောင်း ပြောတဲ့အခါ countable ကိုအသုံးပြုပြီး ယေဘုယျအားဖြင့် style အကြောင်း ပြောဆိုတဲ့အခါ uncountable ကို အသုံးပြုနိုင်ပါတယ်။

**e.g(1)** We went Milan to see all **the latest fashions.** (countable)
ကျွန်တော်တို့ဟာ နောက်ဆုံးပေါ်ဖက်ရှင် အားလုံးကိုတွေ့မြင်ဖို့ မီလန်ကို သွားခဲ့ပါတယ်။

**e.g(2)** The latest **fashion** at the moment is to wear several T-shirts at once.
လောလောဆယ်မှာ နောက်ဆုံးပေါ် ဖက်ရှင်ကတော့ တီရှပ်များစွာကို ချက်ချင်းဝတ်ဆင်ဖို့ပါပဲ။

## 5. Clothes and dress

**Clothes** ဟာအစဉ်အမြဲ **plural** (အများကိန်း)ဖြစ်ပါတယ်။ Singular အနေနဲ့အသုံးပြုချင်ရင် အဲဒီ item ရဲ့အမည်ကိုပြောပြဖို့ လိုအပ်ပါတယ်။

**e.g(1)** I bought some new clothes.
ကျွန်တော်ဟာ အဝတ်အစားသစ် အချို့ဝယ်ခဲ့တယ်။

**e.g(2)** I bought a shirt in that shop.
အဲဒီဆိုင်မှာ ရှပ်အင်္ကျီတစ်ထည် ကျွန်တော်ဝယ်ခဲ့တယ်။
ပုံမှန်အခြေအနေမှာ **an item of clothing** ကို အသုံးပြုပါ။

**e.g** The police took away **an item of clothing.**
ရဲသားဟာ အဝတ်အထည်တစ်မျိုးကို ယူပြေးသွားတယ်။
Dress ကတော့ item တစ်ခုကို ဆိုလိုတယ်။

**e.g** She wore **a red dress.**
သူမဟာ အနီရောင်ဝတ်စုံကို ဝတ်ဆင်ခဲ့တယ်။
Dress ဟာ သီးခြားအမျိုးအစားရဲ့ အဝတ်အထည် (Clothes of a particular type) ကိုရည်ညွှန်းတယ်။

mgyoe.com

mgyoe.com

**e.g** Ceremonial dress
(အခမ်းအနားဝတ်စုံ)

## 6. Trouble/ Troubles

**Trouble** ဟာ ရေတွက်လို့မရတဲ့နာမ်(uncountable noun) ဖြစ်တယ်။ ဒါကြောင့် အနည်းကိန်းပုံစံအနေနဲ့သာ အသုံးပြုရမယ်။

**e.g** I've had a lot of **trouble** with the second hand car I bought.
ကျွန်တော့်မှာ ကျွန်တော်ဝယ်ခဲ့တဲ့ တစ်ပတ်ရစ်ကားနဲ့ ဒုက္ခ အများကြီး တွေ့ခဲ့တယ်။ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) နိုင်ငံတစ်နိုင်ငံမှာရှိတဲ့ ပြဿနာအားလုံးကို ရည်ညွှန်းတဲ့ အထူးအခြေအနေတွေမှာ troubles ကို အသုံးပြုလေ့ရှိပါတယ်။

**e.g** Telling someone else your **troubles** can really help.
မင်းရဲ့ပြဿနာတွေကို တစ်ဦးတစ်ယောက်ကို ပြောပြခြင်းက အမှန် တကယ် ကူညီနိုင်ပါတယ်။
Have + trouble + V+ ing ကိုလည်း အသုံးပြုနိုင်ပါတယ်။

**e.g I had** a lot of **trouble starting** the car this morning.
ဒီမနက် ကားစက်နိုးတဲ့အခါ ကျွန်တော်အခက်အခဲအများကြီး ကြုံခဲ့တယ်။

## 7. Prevent/ Protect/ Avoid

**Prevent** means stop something from happening.
တစ်စုံတစ်ရာဖြစ်ပျက်နေတာကို ရပ်ပစ်လိုက်တာက prevent ဖြစ်တယ်။

**e.g** Sunscreen can **prevent** you from getting skin cancer.
နေရောင်ကာကွယ်မှုသုံး မိတ်ကပ်ခရင်က သင့်ကို အရေပြားကင်ဆာ ဖြစ်ခြင်းမှ ကာကွယ်ပေးတယ်။
**Protect** ကတော့ keep you safe ဖြစ်တယ်။

**e.g** Sunscreen can help **protect** you from skin cancer.
နေရောင်ကာ ခရင်(မ်)က အရေပြားကင်ဆာဖြစ်ခြင်းမှ သင့်ကို ကာကွယ်ဖို့ ကူညီပေးနိုင်တယ်။
avoid = stay away from

**e.g** Using sunscreen helps you **to avoid** skin cancer.

mgyoe.com

mgyoe.com

နေရောင်ကာခရင်(မ်) အသုံးပြုခြင်းက သင့်ကိုအရေပြားကင်ဆာမှ ရှောင်ရှားဖို့ ကူညီပေးပါတယ်။

❒

mgyoe.com

mgyoe.com

## အခန်း(၄)

### 1. Resources/ Source

Resources (အရင်းအမြစ်များ)ကို များသောအားဖြင့် plural အများကိန်း အနေနဲ့ အသုံးပြုပါတယ်။
Source (ရင်းမြစ်/ဇာစ်မြစ်/မူရင်း)ကတော့ တစ်နေရာရာမှ တစ်စုံတစ်ရာလာတဲ့ နေရာကို ရည်ညွှန်းရာမှာ အသုံးပြုပါတယ်။ (ရေနံ၊ သဘာဝဓာတ်ငွေ့ နဲ့ ကျောက်မီးသွေးဟာ သဘာဝအရင်း အမြစ်များ (Natural Resources) ဖြစ်ကြပါတယ်။ စွမ်းအင်ကို ထုတ်လုပ်ဖို့ အသုံးပြုပါတယ်။

e.g Book should still be seen as a good **source** of information.

စာအုပ်တွေကို သတင်းအချက်အလက်ရဲ့ ကောင်းမွန်တဲ့အရင်းအမြစ် အနေနဲ့ မြင်သင့်ပါတယ်။

### 2. Staff = (အမှုထမ်း)

Staff(အမှုထမ်း) ဆိုတာ အဖွဲ့အစည်း (organization) တစ်ခုအတွက် အလုပ်လုပ်နေတဲ့ လူအားလုံးကို ရည်ညွှန်းပြောလေ့ရှိပါတယ်။
One person အကြောင်းပြောချင်ရင် number of staff or employee လို့ပြောဖို့လိုအပ်ပါတယ်။

mgyoe.com

**e.g** I recently had a problem with **a member of staff** in your company.

ကျွန်တော်ဟာ မကြာသေးမီက လူကြီးမင်းကုမ္ပဏီက အမှုထမ်းတစ်ဦးနဲ့ပြဿနာဖြစ်ခဲ့ပါတယ်။

နောက်တစ်မျိုးသုံးနိုင်တာကတော့–

- a member of staff in your company (or)
- an employee in your company (or)
- one of your staff
- I recently had a problem with **a staff in your company**

လို့ အသုံးပြုလို့မရပါ။

## 3. Preposition (in)

We use the preposition (in) with employment, industry, a/ the job etc.

**e.g(1)** My father remained **in** the same job for 35 years.
ကျွန်တော့်အဖေဟာ ဒီအလုပ်မှာပဲ ၃၅နှစ်ကြာ ရှိခဲ့ပါတယ်။

**e.g(2)** The number of women **in** higher posts has dropped recently.
အဆင့်မြင့်ရာထူးတွေမှာရှိတဲ့ အမျိုးသမီးအရေအတွက်ဟာ မကြာသေးမီက ကျဆင်းခဲ့ပါတယ်။

## 4. The plural form (s)

When you are writing large numbers; do not add 's' to the number.

သင့်အနေနဲ့ ဂဏန်းကြီးတွေရေးတဲ့အခါ 's' ကိုမထည့်ပါနဲ့။

**e.g** 200,000 = two hundred thousand

The plural form is only used to give an approximate idea.

Plural form (အများကိန်းပုံစံ)ဟာ ခန့်မှန်းအိုင်ဒီယာကို ပေးဖို့သာ သုံးလေ့ရှိပါတယ်။

mgyoe.com

mgyoe.com

**e.g** There were **thousands** of people there.

အဲဒီမှာ လူထောင်ပေါင်းများစွာရှိခဲ့ပါတယ်။

You can use numeral instead of words, but we usually write larger numbers.

သင့်အနေနဲ့ စကားလုံးတွေအစား ကိန်းဂဏန်းတွေ သုံးနိုင်ပါတယ်။ ဒါပေမဲ့ ကိန်းဂဏန်းကြီးတွေကို များသောအားဖြင့် စကားလုံးဖြင့် ရေးရပါတယ်။

**e.g** three million = သုံးသန်း

## 5. Crime/ Criminal

criminal ဆိုတာ အပြစ်ရှိတဲ့ပုဂ္ဂိုလ်ကို ရည်ညွှန်းပါတယ်။ ရာဇဝတ်သား လို့ ခေါ်ကြပါတယ်။ crime ကတော့ ဆောင်ရွက်မှု (act) ဖြစ်လို့ မှုခင်းလို့ ခေါ်ကြပါတယ်။

criminal rate လို့သုံးလို့မရပါ။

crime rate (မှုခင်းဖြစ်နှုန်း)လို့ပဲ သုံးနိုင်ပါတယ်။

crime world လို့သုံးလို့မရပါ။criminal world လို့ သုံးလို့ရပါတယ်။

လူငယ်နဲ့ ပတ်သက်တဲ့မှုခင်းကို young crime လို့မသုံးပါနဲ့။

Juvenile crime လို့အသုံးပြုပါ။

## 6. act/ action

The word 'act' refers to a type of behavior.

Act ဆိုတဲ့စကားလုံးဟာ အပြုအမူအမျိုးအစားကို ရည်ညွှန်းပါတယ်။

**e.g** an **act** of violence

(အကြမ်းဖက် ဆောင်ရွက်ပြုမူမှု)

an **act** of bravery

(ရဲရင့်သော ဆောင်ရွက်မှု)

an **act** of kindness

(ကြင်နာခြင်းအပြုအမူ)

mgyoe.com

mgyoe.com

a criminal act
(မှုခင်းဆိုင်ရာ ဆောင်ရွက်မှု)

The word 'action' refers to the process of doing something especially when dealing with a problem.
'Action' ဆိုတဲ့စကားလုံးက တစ်စုံတစ်ရာကို ပြုလုပ်ခြင်းလုပ်ငန်းစဉ်ပဲ ဖြစ်ပါတယ်။ အထူးသဖြင့် ပြဿနာတစ်ခု ဖြေရှင်းတဲ့လုပ်ငန်းစဉ်မျိုး ဖြစ်ပါတယ်။

**e.g** take **action** a plan of action, prompt **action.**

## 7. Infamous/ celebrity/ paparazzi

'Infamous' means famous for doing something bad.
Infamous ဆိုတာမကောင်းတဲ့ တစ်စုံတစ်ရာပြုလုပ်ခြင်းအတွက် ကျော်ကြားခြင်းကိုဆိုလိုပါတယ်။

**e.g** Ronnie Biggs, the **infamous** trian robber, died in 2013.
ရထားလုယက်မှုနဲ့ နာမည်ဆိုးကျော်ကြားခဲ့သူ ရွန်းနီဘစ်(စ်)ဟာ ၂၀၁၃ ခုနှစ်မှာ သေဆုံးခဲ့ပါတယ်။
'Celebrity is used to refer to famous people.
'Celebrity ဆိုတာ ထင်ရှားကျော်ကြားသူတွေကို ရည်ညွှန်းပါတယ်။

**e.g** They invited **a celebrity** along to open the event.
သူတို့ဟာ အခမ်းအနားဖွင့်လှစ်ဖို့ ထင်ရှားကျော်ကြားသူတစ်ဦးကို ဖိတ်ခဲ့ပါတယ်။
The 'Paparazzi' are the photographers who follow celebrities around.
'Paparazzi' ဆိုတာ ထင်ရှားကျော်ကြားသူတွေနောက် လိုက်နေကြတဲ့ဓာတ်ပုံဆရာတွေဖြစ်ပါတယ်။

❒

mgyoe.com

mgyoe.com

## အခန်း(၅)

**1. Famous** (ထင်ရှားကျော်ကြားသော)

famous ဆိုတဲ့ စကားလုံးရဲ့နောက်မှာ preposition 'for' ကို အသုံးပြုပါတယ်။

**e.g** New Orleans is **famous for** its music.

နယူးအော်လင်း(န်)စ်ဟာ ၎င်းရဲ့တေးဂီတကြောင့် ကျော်ကြားပါတယ်။

လူတော်တော်များများကသိတဲ့ တစ်စုံတစ်ရာကို ဖော်ပြလိုရင် famous ကိုအသုံးပြုပါတယ်။

**e.g** The Eiffel Tower is **a famous** building in Paris.

အီဖယ်မျှော်စင်ဟာ ပါရီမြို့မှာရှိတဲ့ ထင်ရှားတဲ့ အဆောက်အဦတစ်ခု ဖြစ်ပါတယ်။

**2. Popular** (ပေါ်ပြူလာဖြစ်သော)

လူတော်များများက နှစ်သက်တဲ့(သို့မဟုတ်)အသုံးပြုတဲ့အရာတွေကို ရည်ညွှန်းပြောဆိုရာမှာ Popular ကိုအသုံးပြုပါတယ်။

**e.g** The train is the most **popular** form of transport in my home tower.

မီးရထားဟာ ကျွန်တော်တို့မြို့မှာ ပေါ်ပြူလာအဖြစ်ဆုံးပို့ဆောင်ရေး

mgyoe.com

mgyoe.com

ပုံစံတစ်မျိုး ဖြစ်ပါတယ်။
ဒီနေရာမှာ famous ကိုအသုံးပြုလို့မရပါ။

## 3. Media / Medium

media (မီဒီယာ) ကတော့ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ရေဒီယိုနဲ့ တယ်လီဗွီးရှင်းတွေကို ရည်ညွှန်းပြီး မီဒီယာမှာတိကျတဲ့အကြောင်းအရာ ရှိပါတယ်။

Medium ကတော့တစ်စုံတစ်ရာကို ဖော်ပြတဲ့ နည်းလမ်းတစ်ခုကို ရည်ညွှန်းပါတယ်။

**e.g** The print medium (ပုံနှိပ်မီဒီယမ်)
The television medium (တယ်လီဗွီးရှင်းမီဒီယမ်)

**e.g** I believe television is the most effective **medium** for advertising.
တယ်လီဗွီးရှင်းဟာ ကြော်ငြာအတွက် အထိရောက်ဆုံး မီဒီယမ် (နည်းလမ်း) တစ်ခုဖြစ်ပါတယ်။
medium ကအနည်းကိန်း singular ဖြစ်ပြီး media က plural အများကိန်းဖြစ်ပါသည်။

## 4. Programme/ Program

programme နဲ့ program ကွာခြားချက်နဲ့ Rule စည်းမျဉ်းကို ရှင်းပြချင်ပါတယ်။

programme (US only) = a show on television
(တယ်လီဗွီးရှင်းပြပွဲ)

program (UK and US) = instructions for a computer
(a verb and a noun)

ကွန်ပျူတာတစ်လုံးအတွက် ညွှန်ကြားချက်များ (ကြိယာနဲ့နာမ်)

## 5. Arts/ Art

Art (plural) က အနုပညာနယ်ပယ် (artistic fields) အားလုံးကို ရည်ညွှန်းရာမှာ သုံးပါတယ်။

mgyoe.com

**e.g** Even ancient civilisations showed a love and appreciation of the arts.

ရှေးကျတဲ့ မြို့ပြယဉ်ကျေးမှုတွေတောင်မှ အနုပညာတွေရဲ့ ချစ်ခြင်းတရားနဲ့ လေးစားတန်ဖိုးထားခြင်းကို ပြသခဲ့ပါတယ်။

Art ကတော့ ကျောင်းသင်ဘာသာရပ်ကို ရည်ညွှန်းလေ့ရှိတယ်။

**e.g** I studied **art** at school on a general concept.

ကျွန်တော်ဟာ ကျောင်းမှာ ယေဘုယျအယူအဆအနေနဲ့ အနုပညာဘာသာရပ်ကို သင်ကြားခဲ့ပါတယ်။

**e.g** Putting an empty milk bottle on display in a gallery doesn't make it **art.**

ပန်းချီပြခန်းမှာ နွားနို့ပုလင်းလွတ် ပြကွက်ကို ထားခြင်းဟာ အနုပညာမဟုတ်ဘူး။

## 6.Taste

Taste ဟာ တစ်စုံတစ်ရာရဲ့ အရသာကို ရည်ညွှန်းပါတယ်။

**e.g** I love the **taste** of Chocolate.

ချောကလက်ရဲ့အရသာကို ကျွန်တော်နှစ်သက်တယ်။

တစ်ဦးတစ်ယောက်က နှစ်သက်တဲ့အရသာကို ရည်ညွှန်းတယ်။ သီးခြားအရာတစ်ခုကို ရည်ညွှန်းရင် singular (အနည်းကိန်း) ကို သုံးတယ်။

**e.g** He has good **taste** in clothes.

သူ့မှာ အဝတ်အစားနဲ့ပတ်သက်တဲ့ ကောင်းတဲ့ အကြိုက်အရသာရှိတယ်။

တစ်ခုထက်ပိုမိုတဲ့အရာကို ရည်ညွှန်းတဲ့အခါ taste ကို plural သုံးရပါတယ်။

**e.g** I have very expensive **tastes.**

ကျွန်တော့်မှာ အလွန်ဈေးကြီးတဲ့အရသာတွေရှိပါတယ်။

## 7. Fun/ Funny

Fun ဟာ Noun တစ်ခုဖြစ်ပြီး သင်ပျော်ရွှင်တဲ့ တစ်စုံတစ်ရာကို ဖော်ပြ

mgpoe.com

mgyoe.com

ချင်ရင် adjective အနေနဲ့လည်း အသုံးပြုနိုင်ပါတယ်။
Funny ကတော့ Adjective ဖြစ်ပြီး သင်ရယ်အောင်ပြုလုပ်တဲ့ တစ်စုံတစ်ရာကို ဖော်ပြရာမှာ အသုံးပြုပါတယ်။

**e.g** I enjoyed riding on the roller coaster-it was really fun.
ကျွန်တော် ရိုလာကိုစတာစီးရတာ ပျော်ရွှင်ခဲ့ပါတယ်။ အဲဒါက တကယ့်ကို ပျော်စရာပါပဲ။

## 8. Bored / Boring

Bored နဲ့ Boring အသုံးကွာခြားပါတယ်။ ခံစားရမှု feeling ကို ဖော်ပြရင် bored သုံးပြီး၊ တစ်စုံတစ်ရာကို ဖော်ပြရင် boring ကို သုံးပါတယ်။

**e.g** We had to wait in a queue for four hours, and I was really **bored.**
ကျွန်တော်တို့ဟာ လေးနာရီကြာ တန်းစီခဲ့ရပြီး ကျွန်တော် တကယ်ကို ပျင်းခဲ့တယ်ဗျာ။

**e.g** This movie is really **boring.**
ဒီရုပ်ရှင်ကတော့ တကယ့်ကို ပျင်းစရာကြီးဗျာ။

❐

mgyoe.com

mgyoe.com

## အခန်း(၆)

### 1. amount and number

Amount is used with uncountable nouns.

Amount ကို ရေတွက်လို့မရတဲ့ နာမ်တွေနဲ့အသုံးပြုပါတယ်။

**e.g** The chart shows the **amount** of traffic in Yangon between 2000 and 2010.

ဇယားပုံက ၂၀၀၀ နှင့် ၂၀၁၀ ခုနှစ်အကြား ရန်ကုန်မြို့ရှိ ယာဉ်ပမာဏ ကို ပြပါတယ်။

'number' is used with countable nouns.

Number ကတော့ ရေတွက်လို့ရတဲ့ နာမ်တွေနဲ့ အသုံးပြုနိုင်ပါတယ်။

### 2. Percent and Percentage

Percent is always used with a number **percentage** is used on its own without a number.

Percent က နံပါတ်တစ်ခုနဲ့ အစဉ်အမြဲအသုံးပြုပြီး percentage ကတော့ နံပါတ်မရှိဘဲ ၎င်းကိုယ်တိုင် အသုံးပြုပါတယ်။

**e.g(1)** The chart shows the **percentage** of females enrolled in Yangon University.

ပုံဇယားကတော့ ရန်ကုန်တက္ကသိုလ်မှာ စာရင်းသွင်းတဲ့အမျိုးသမီး

mgyoe.com

mgyoe.com

ရာခိုင်နှုန်းကိုပြပါတယ်။

**e.g(2)** According to the graph, five **percent** of government spending was on education.

ဂရပ်အရ အစိုးရအသုံးစရိတ်ရဲ့ ငါးရာခိုင်နှုန်းဟာ ပညာရေးအတွက် ဖြစ်ပါတယ်။

## 3. Increase of/ increase in

ပြောင်းလဲမှုတွေ (changes) တွေဖော်ပြတဲ့အခါ increase of ကို % နဲ့ တွဲသုံးပါတယ်။

**e.g** There was an **increase** of 20% between 1950 and 2010.

၁၉၅၀ နဲ့ ၂၀၁၀ ခုနှစ်ကြားမှာ တိုးတက်မှု ၂၀ %ရှိခဲ့ပါတယ်။

ပြောင်းလဲမှုကို ဖော်ပြတဲ့အခါ increase in ကို uncountable noun နဲ့ တွဲသုံးပါတယ်။

**e.g** There was in **increase** in obesity between 1950 and 2010.

၁၉၅၀နဲ့ ၂၀၁၀ ခုနှစ်ကြားမှာ အဝလွန်မှု မြင့်တက်ခဲ့ပါတယ်။

## 4. Advice and advise

advice (n) = အကြံဉာဏ်

Active ရေတွက်လို့မရတဲ့ uncountable noun ဖြစ်တယ်။

**e.g** It is important to get legal **advice.**

တရားနဲ့လျော်တဲ့ အကြံဉာဏ်ရရှိဖို့ အရေးကြီးပါတယ်။

advise (v) = အကြံဉာဏ်ပေးသည်

advise + someone

advise နောက်မှာ အစီအစဉ်အမြဲ object လိုက်ပါတယ်။

**e.g** We always **advice** customers to take out insurance.

ကျွန်တော်တို့ဟာ ဖောက်သည်တွေကို အာမခံထုတ်ယူဖို့အစဉ်အမြဲ အကြံပေးပါတယ်။

အထက်ပါ ဝါကျမှာ customers ဟာ object ဖြစ်ပါတယ်။

mgyoe.com

mgyoe.com

## 5. affect/ effect

affect (v) = သက်ရောက်ထိခိုက်သည်။ လွှမ်းမိုးသည်
effect (n) = အကျိုးသက်ရောက်မှု

**e.g(1)** Noise in factories can seriously **affect** worker's health.
စက်ရုံတွေက ဆူညံသံဟာ လုပ်သားတွေရဲ့ ကျန်းမာရေးကို စိုးရိမ်ရလောက်တဲ့ ထိခိုက်မှုရှိနိုင်ပါတယ်။

e.g(2) Noise in factories can have a serious effect on worker's health.
စက်ရုံတွေအတွင်း ဆူညံသံဟာ လုပ်သားတွေရဲ့ ကျန်းမာရေးကို ပြင်းပြင်းထန်ထန် အကျိုးသက်ရောက်မှုရှိပါတယ်။

## 6. appear/ seem/ tend

appear/ seem/ tend အချိတ်အဆက်ပြုကြိယာဖြစ်တဲ့ linking verb တွေဖြစ်ပါတယ်။ တစ်စုံတစ်ရာဟာ မှန်ကန်ကြောင်း (သို့) မကြာခဏ မှန်ကန်ကြောင်း သင်ယုံကြည်တာပြသချင်ရင်သုံးလေ့ရှိပါတယ်။ Academic writing မှာ သင့်မှာ ရာနှုန်းပြည့် ရှင်းရှင်းလင်းလင်း မတင်ပြနိုင်ရင် appear/ seem/ tend ကိုအသုံးပြုနိုင်ပါတယ်။

**e.g(1)** The results **appear** to show that boys are better at science subjects.
သိပ္ပံဘာသာရပ်တွေမှာ ယောကျ်ားလေးတွေဟာ ပိုတော်တာကို ရလဒ်တွေက ပြသဟန်တူတယ်။
(ဒါပေမဲ့ နောက်ထပ်ရှင်းပြချက် ရှိနိုင်ပါတယ်)

**e.g(2)** The system in the school **seems** to work well.
ကျောင်းမှာရှိတဲ့ စနစ်က အလုပ်ကောင်းကောင်းဖြစ်ဟန် တူပါတယ်။
(ဒါပေမဲ့ ဒါဟာ စမ်းသပ်ခဲ့တာ/ သက်သေပြခဲ့တာ မဟုတ်ဘူး)

**e.g(3)** Older people **tend to** prefer the phone to email.
သက်ကြီးပုဂ္ဂိုလ်တွေက အီးမေးလ်ထက်စာရင် ဖုန်းကိုပိုကြိုက်ဟန် တူပါတယ်။
(ဒါပေမဲ့ သက်ကြီးပုဂ္ဂိုလ်တိုင်းတော့ မဟုတ်ဘူး)

mgyoe.com

mgyoe.com

## 7. Try/ Attempt

Try ကတော့ အသုံးပြုတာ များပါတယ်။

Informal နဲ့ more formal English မှာ Try ကိုအသုံးပြုပါတယ်။

**e.g(1)** I've been **trying** to find you all day. (Informal)

မင်းကို ငါတစ်နေ့လုံး ရှာတွေ့ဖို့ပါ ကြိုးစားနေတယ်။

**e.g(2)** City officials are **trying** to find ways for traffic jam.(Formal)

မြို့တော်အရာရှိတွေဟာ ယာဉ်ကြောပိတ်ဆို့မှုအတွက် နည်းလမ်းတွေ ရှာဖွေဖို့ ကြိုးစားနေကြတယ်။

Academic Writing မှာ Attempt ဟာ more formal ဖြစ်တဲ့အတွက် အထူးသဖြင့် အသုံးပြုပါတယ်။

**e.g** Many experts have attempted to explain personality development.

ကျွမ်းကျင်သူများစွာက ကိုယ်ရည်ကိုယ်သွေးတိုးတက်မှုကို ရှင်းပြဖို့ ကြိုးစားခဲ့ကြပါတယ်။

Noun အနေနဲ့ try ကို infromal English မှာသာ အသုံးပြုကြပါတယ်။

**e.g** It migh not work, but it's worth **a try.**

အဲဒါအလုပ်မဖြစ်ပေမဲ့ ကြိုးစားထိုက်ပါတယ်။

Formal writing အနေနဲ့ attempt (သို့) effort ကို noun အသုံးပြုနိုင်ပါတယ်။

**e.g** Adults have to make a conscious **attempt** to learn such skills.

လူကြီးတွေဟာ ဒီလိုကျွမ်းကျင်မှုတွေကို လေ့လာဖို့သတိရှိတဲ့ကြိုးပမ်းမှု ပြုလုပ်ရမယ်။

❒

mgyoe.com

mgyoe.com

## အခန်း(၇)

### 1. billon/ million/ thousand/ hundred

စကားလုံး (word) တစ်လုံး (သို့မဟုတ်) နံပါတ်ကို ရည်ညွှန်းတဲ့ several, a few ရဲ့နောက်မှာ plural form အနေဖြင့် သုံးပါတယ်။

**e.g** three billion dollars

several million dollars

a few thousand people

### 2. billions/ millions/ thousands/ hundreds

large number နဲ့ပတ်သက်လို့ ယေဘုယျကျကျပြောဆိုတဲ့အခါ အသုံးပြုပါတယ်။

**e.g** billions of dollar

sthousands of people

### 3. breathe/ breath

breathe in verb form (ကြိယာပုံစံ) ဖြစ်ပါတယ်။

**e.g** breathe slowly

ဖြည်းဖြည်းအသက်ရှူသည်။

breath in (noun) form ဖြစ်ပြီး အသက်ရှူဟု အဓိပ္ပာယ်ရသည်။

**e.g** a deep breath (အသက်ပြင်းပြင်းရှူ)

mgyoe.com

mgyoe.com

## 4. benefit / profit

တစ်စုံတစ်ရာရဲ့ ရလဒ်အနေနဲ့ အကောင်းတစ်စုံတစ်ရာ ရရှိခြင်းကို benefit / profit နဲ့ ဖော်ပြလေ့ရှိပါတယ်။

- A **benefit** can be any positive result for an individual or a group of people.
  Benefit ဆိုတာ ပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုအတွက် အပြုသဘောရလဒ် တစ်စုံတစ်ရာ ဖြစ်နိုင်ပါတယ်။

**e.g** Lowered blood pressure is one **benefit** of regular exercise.
နည်းပါးတဲ့ သွေးဖိအားဟာ ပုံမှန်လေ့ကျင့်ခန်းရဲ့ အကျိုးရလဒ် တစ်ခုပါပဲ။

- **A profit** is usually money that a person or a company gets from an activity.
  Profit ဆိုတာ များသောအားဖြင့် လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) ကုမ္ပဏီတစ်ခုက ဆောင်ရွက်မှုတစ်ခုမှ ရရှိတဲ့ငွေကြေးဖြစ်ပါတယ်။

**e.g** The bank reported **a profit** of 572 million euros.
ဘဏ်က အမြတ် ယူရိုငွေ ၅၇၂ သန်းကို အစီရင်ခံခဲ့တယ်။

## 5. measurements and abbreviations

Notes နဲ့ diagrams များမှာ numbers နဲ့ abbreviations ကို တိုင်းတာမှုများပြသရန် အသုံးပြုပါတယ်။

**e.g** Office space : 8m x 12.5m
IELTS Essay ရေးသားရာမှာ အတိုင်းအတာ (measurement) ကို အတိုကောက် (abbreviations) ရေးသားလို့မရပါ။

**e.g** The office is **eight metres** wide by **twelve and a half metres long.**
ရုံးခန်းက ရှစ်မီတာအနံနဲ့ တစ်ဆယ့်နှစ်မီတာခွဲ အလျားရှိပါတယ်။

## 6. charge/ cost/ pay

တစ်စုံတစ်ရာ ဝယ်ယူတဲ့အခါ ငွေကြေးဖလှယ်ခြင်းနဲ့ ပတ်သက်လို့ အထက်ပါ ကြိယာတွေကို အသုံးပြုကြပါတယ်။

mgyoe.com

mgyoe.com

**e.g** The seller **charge** someone an amount of money **for** product or service.

ရောင်းသူဟာ ထုတ်ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုအတွက် ငွေကြေးပမာဏတစ်ခုကို တစ်ဦးတစ်ယောက်မှ ယူပါတယ်။

**e.g** The company **charges** customers $ 1 a minute for foreign calls.

ကုမ္ပဏီဟာ နိုင်ငံခြားဖုန်းခေါ်ဆိုမှုတွေအတွက် ဖောက်သည်တွေကို တစ်မိနစ်လျှင် တစ်ဒေါ်လာ ယူပါတယ်။

–ထုတ်ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုဟာ ပမာဏတစ်ခု ကုန်ကျစေပါတယ်။ ဒါဟာ ဈေးနှုန်းပါပဲ။

**e.g** Foreign calls cost $ 1 a minute.

နိုင်ငံခြားဖုန်းခေါ်မှုတွေဟာ တစ်မိနစ်လျှင် တစ်ဒေါ်လာ ကျသင့်ပါတယ်။

**e.g** The customer pays an amount for a product or service.

ဖောက်သည်တွေဟာ ထုတ်ကုန်ပစ္စည်း (သို့) ဝန်ဆောင်မှုအတွက် ပမာဏတစ်ခုကို ပေးရပါတယ်။

**e.g** Mobile customer pay $ 1 minute for foreign calls.

မိုဘိုင်းဖောက်သည်ဟာ နိုင်ငံခြားဖုန်းခေါ်ဆိုမှုတွေအတွက် တစ်မိနစ်လျှင် တစ်ဒေါ်လာကျသင့်ပါတယ်။

## 7. common/ normal/ ordinary

အဲဒီစကားလုံး အားလုံးဟာ မကြာခဏဖြစ်ပျက် (သို့) တည်ရှိနေတဲ့ တစ်စုံတစ်ရာကို ဖော်ပြပါတယ်။

common ဟာ များသောအားဖြင့် လူ (people) မဟုတ်ဘဲ အဖြစ်အပျက်များ၊ အရာဝတ္ထုများ၊ တိရစ္ဆာန်များကို ဖော်ပြရန်အသုံးပြုပါတယ်။

**e.g** a common problem

(တွေ့မြင်နေကျ ပြဿနာတစ်ခု)

normal နဲ့ ordinary ကိုတော့ သင်မျှော်လင့်ထားတဲ့တစ်စုံတစ်ရာ ပြောဆိုရန် အသုံးပြုပါတယ်။

mgyoe.com

mgyoe.com

**e.g** a normal/ ordinary day

ပုံမှန်နေ့တစ်နေ့၊ သာမန်နေ့တစ်နေ့။

**e.g** Being a blood donor does no harm to a normal, healthy person.

သွေးလှူသူ တစ်ဦးအနေနဲ့ သာမန်ကျန်းမာတဲ့ ပုဂ္ဂိုလ်ဖြစ်ရင် အန္တရာယ်မရှိပါဘူး။

**e.g** Ordinary people could afford this service.

ဒီဝန်ဆောင်မှုကို သာမန်လူတွေ တတ်နိုင်ပါတယ်။

## 8. right/ correct

နေ့စဉ်ပြောဆိုမှုမှာ တစ်စုံတစ်ရာ မှန်တာကိုပြောချင်ရင် right ကိုသုံးပါ။

**e.g(1)** What was the **right** answer?

အဖြေမှန်ကဘာလဲ။

**e.g(2)** You did the **right** thing?

မင်းဟာ မှန်တဲ့အရာကို ပြုလုပ်ခဲ့တယ်။

Correct ကိုတော့ ပိုမိုပုံမှန်ကျတဲ့ ရေးသားထားတဲ့ အကြောင်းခြင်းရာများ၊ အထူးသဖြင့် တစ်စုံတစ်ရာကို ရှင်းရှင်းလင်းလင်းနဲ့ မှန်ကန်ကြောင်း (သို့မဟုတ်) မမှန်ကန်ကြောင်း အခြေအနေကို ဖော်ပြရန် Correct ကို သုံးပါတယ်။

## 9. acceptable/ appropriate

acceptable နဲ့ appropriate ကို အကဲဖြတ်ချက် (သို့မဟုတ်)ထင်မြင်ချက်နဲ့ပတ်သက်တဲ့ အခြေအနေတစ်ခုကို ပြောဆိုဆွေးနွေးရန် အသုံးပြုပါတယ်။

**e.g** an acceptable/ appropriate level of customer service.

ဖောက်သည် ဝန်ဆောင်မှုရဲ့ လက်ခံနိုင်တဲ့/ သင့်တော်တဲ့အဆင့်။

**e.g** Smoking is becoming less socially **acceptable.**

ဆေးလိပ်သောက်ခြင်းဟာ လူမှုရေးအရ လက်ခံနိုင်မှု နည်းပါး လာပါတယ်။

mgyoe.com

## 10. country/ state/ nation

အဓိပ္ပာယ်အတူတူ သုံးနိုင်ပါတယ်။

**e.g** Poland became an independent state/ nation/ country in 1918.

ပိုလန်ဟာ လွတ်လပ်တဲ့နိုင်ငံတစ်ခု ၁၉၁၈မှာ ဖြစ်လာခဲ့ပါတယ်။

**State** ကို နိုင်ငံရေးယူနစ်(သို့)၎င်းရဲ့အစိုးရအနေဖြင့် နိုင်ငံအကြောင်း ပြောဆိုရာမှာသာ အသုံးပြုနိုင်ပါတယ်။

**country/ nation.**

နယ်မြေတစ်ခုရဲ့ လူ၊ ယဉ်ကျေးမှုနဲ့ ဘဝအကြောင်းပြောဆိုရာမှာ country နဲ့ nation ကို အသုံးပြုပါတယ်။

**e.g** the citizens of the poorest nations/ countries.

အဆင်းရဲဆုံးနိုင်ငံများရဲ့ နိုင်ငံသားများ။

ပထဝီဝင်ဧရိယာအကြောင်းကို ပြောဆိုတဲ့အခါမှသာ **country** ကို အသုံးပြုနိုင်ပါတယ်။

**e.g** in hot, Mediteranean countries.

ပူသော မြေထဲပင်လယ် တိုင်းပြည်များမှာ။

❐

mgyoe.com

mgyoe.com

## အခန်း(၈)

### 1. Do/ Carry out/ conduct/ perform

Do ဟာ တွေမြင်နေကျ ကြိယာတစ်ခုဖြစ်ပါတယ်။ **carry out/** conduct ကို အောက်ပါစကားလုံးများနဲ့ တွဲသုံးပါတယ်။

**e.g(1)** Carry out a **survey** = စူးစမ်းလေ့လာမှု ပြုလုပ်သည်။
**e.g(2)** Conduct a **study** = လေ့လာမှုတစ်ခုပြုလုပ်သည်။
**e.g(3)** Conduct an **Interview** = အင်တာဗျူးပြုလုပ်သည်။
**e.g(4)** Conduct an **experience**=စမ်းသပ်မှုတစ်ခုဆောင်ရွက်သည်။
**e.g(5)** Conduct an **research** = သုတေသနပြုလုပ်သည်။

Undertake ကိုအောက်ပါစကားလုံးများနဲ့ တွဲသုံးပါတယ်။

**e.g(1)** undertake a **task** = လုပ်ငန်းတာဝန် ဆောင်ရွက်သည်။
**e.g(2)** undertake a **project** = စီမံကိန်းတစ်ခုကို ဆောင်ရွက်သည်။
**e.g(3)** undertake an **activity** = လှုပ်ရှားဆောင်ရွက်မှုတစ်ခုပြုလုပ်သည်။
**e.g(4)** undertake a **work** = အလုပ်တစ်ခု ဆောင်ရွက်သည်။

Perform ကို အောက်ပါစကားလုံးများနဲ့ တွဲသုံးပါတယ်။

**e.g(1)** perform a **task** = လုပ်ငန်းတာဝန် ဆောင်ရွက်သည်။

mgyoe.com

mgyoe.com

**e.g(2)** perform a **procedure** = လုပ်ထုံးလုပ်နည်းတစ်ခုဆောင်ရွက်သည်။

**e.g(3)** perform an **operation** = အော်ပရေးရှင်းတစ်ခုဆောင်ရွက်သည်။

**e.g(4)** perform an **experience** = စမ်းသပ်မှုတစ်ခုပြုလုပ်သည်။

## 2. client/ customer

ရှေ့နေ (lawyer) (သို့) စာရင်းကိုင် (accountant) ကဲ့သို့ အသက်မွေးဝမ်း ကျောင်းလုပ်ငန်း (professional service) ပြုလုပ်သူတွေကို client လို့ခေါ်တယ်။ ဆိုင်တစ်ဆိုင် (သို့မဟုတ်) ကုမ္ပဏီတစ်ခုမှ ကုန်ပစ္စည်းများ ဝယ်ယူသူကို customer လို့ ခေါ်ပါတယ်။

## 3. make/ create/ produce/ generate

make (ပြုလုပ်သည်) ကြိယာကို formal နဲ့ academic writing မှာ အသုံးပြုလေ့ရှိပါတယ်။

create (ဖန်တီးသည်)ကို အောက်ပါစကားလုံးတွေနဲ့ တွဲသုံးပါတယ်။

**e.g(1)** create **jobs** =အလုပ်များ ဖန်တီးသည်။

**e.g(2)** create **problems** =ပြဿနာများဖန်တီးသည်။

**e.g(3)** creat **opportunities** =အခွင့်အလမ်းများ ဖန်တီးသည်။

produce(ထုတ်လုပ်သည်)ကို အောက်ပါစကားလုံးများနဲ့ တွဲသုံးပါတယ်။

**e.g(1)** produce **goods** = ကုန်ပစ္စည်းများ ထုတ်လုပ်သည်။

**e.g (2)** produce an **products** =ထုတ်ကုန်ပစ္စည်းများထုတ်လုပ်သည်။

**e.g(3)** produce an **result** = ရလဒ်တစ်ခုကို ဖော်ထုတ်သည်။

**e.g(4)** produce an **effect** = အကျိုးသက်ရောက်မှုရရှိသည်။

generate(ဖြစ်ပေါ်စေသည်)ကို အောက်ပါစကားလုံးများနဲ့ တွဲသုံးပါတယ်။

**e.g(1)** generate **revenue** = ဝင်ငွေဖြစ်ပေါ်စေသည်။

**e.g(2)** generate **income** =ဝင်ငွေဖြစ်ပေါ်စေသည်။

**e.g(3)** generate **profits** = အကျိုးအမြတ်များ ဖြစ်ပေါ်စေသည်။

mgyoe.com

mgyoe.com

**e.g(4)** generate **electricity** = လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည်။
**e.g(5)** generate **heat** = အပူထုတ်လုပ်သည်။

## 4. now/ nowadays/ at the moment

အထက်ပါ word နဲ့ phrase တွေကို ဖြစ်ပျက်နေတဲ့ အရာတွေ အကြောင်း ပြောတဲ့အခါ (သို့မဟုတ်) သင်ပြောနေတဲ့ အချိန်မှန်နေတဲ့ အခါအသုံးပြုပါတယ်။ လောလောဆယ်/ယခု/ယနေ့ကာလလို့ အဓိပ္ပာယ်ကောက်ယူနိုင်ပါတယ်။

## 5. current/ present/ currently

ဒီစကားလုံးတွေကို formal နဲ့ academic writing မှာ အသုံးများတာ တွေ့ရပါတယ်။

**e.g(1)** the **current economic crisis** = လက်ရှိစီးပွားရေးအကျပ်အတည်း
**e.g(2)** the **present** electoral system = လက်ရှိရွေးကောက်ပွဲစနစ်
**e.g(3)** the database **currently** holds ninety million references = အချက်အလက်တွေဟာ လတ်တလောမှာ ရည်ညွှန်းချက် သန်း(၉၀)ကို ကိုင်တွယ်ထားတယ်။

## 6. damage/ harm/ injure

အရာဝတ္ထု (object)၊ အခြေအနေ (situation)နဲ့ဆက်ဆံမှု (relationship) အကြောင်း များသောအားဖြင့် ပြောဆိုရာမှာ damage (ပျက်စီးသည်)(အပျက်အစီး)ကို သုံးကြတယ်။ လူပုဂ္ဂိုလ် (person) မှာတော့ damage ကိုသုံးလို့မရဘူး။

**e.g(1)** damage a **building** = အဆောက်အဦတစ်ခုပျက်စီးသွားသည်။
**e.g(2)** damage a **vehicle** = ယာဉ်တစ်စီး ပျက်စီးသွားသည်။
**e.g(3)** damage the **environment** = ပတ်ဝန်းကျင်ကိုပျက်စီးစေသည်။
**e.g(4)** damage someone's **reputation** = တစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာကို ပျက်စီးစေသည်။

mgyoe.com

mgyoe.com

ဆေးပညာအကြောင်းရာမှာတော့
damaging a part of the body (ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခု ပျက်စီးသွားခြင်း)လို့ အသုံးပြုပါတယ်။

**e.g.** damage a **nerve** = အာရုံကြောတစ်ခု ပျက်စီးသွားသည်။

harm ကိုတော့ လူပုဂ္ဂိုလ် (သို့) တိရစ္ဆာန်၊ အခြေအနေ(သို့) ဆက်သွယ်မှုမှာ အသုံးပြုပါတယ်။ ပုံမှန်အားဖြင့် အရာဝတ္ထု (object) မှာ harm ကို အသုံးပြုလေ့မရှိပါ။

**e.g(1)** harm a **baby** = ကလေးကို ထိခိုက်စေသည်။
**e.g(2)** harm an **animal** = တိရစ္ဆာန်ကို ထိခိုက်ပျက်စီးစေသည်။
**e.g(3)** harm the **environment** = ပတ်ဝန်းကျင်ကို ထိခိုက်စေသည်။
**e.g(4)** harm **relations** = ဆက်ဆံမှုများကို ထိခိုက်စေသည်။
**e.g(5)** harm a **reputation** = ဂုဏ်သိက္ခာကို ထိခိုက်စေသည်။

Injure ကိုတော့ လူပုဂ္ဂိုလ် (person) (သို့) ခန္ဓာကိုယ်အစိတ်အပိုင်း (part of the body) မှာ အသုံးပြုပါတယ်။

**e.g(1)** injure a **policeman** = ရဲသားကို ထိခိုက်နာကျင်စေသည်။
**e.g(2)** injure his **civilian** = အရပ်သားကို ထိခိုက်နာကျင်စေသည်။
**e.g(3)** injure his **knee** = သူ့ဒူးကို ထိခိုက်နာကျင်စေသည်။

## 7. decrease/ reduce

ကွဲပြားခြားနားတဲ့ အကြောင်းအရာတွေမှာ ပိုမိုနည်းပါးလာခြင်း (သို့) သေးငယ်လျော့နည်းလာခြင်းအကြောင်းပြောဆိုရာမှာ decrease/ reduce ကို အသုံးပြုပါတယ်။

**e.g(1)** decrease the **amount** = ပမာဏ လျော့နည်းသည်။
**e.g(2)** reduce the **risk** = စွန့်စားရမှုကို လျှော့ချသည်။
**e.g(3)** decrease the **effectiveness** = ထိရောက်အကျိုးရှိမှုကို လျော့နည်းစေသည်။

mgyoe.com

mgyoe.com

## အခန်း(၉)

### 1. fall/ drop/ lower/ decline

fall/ drop/ lower စကားလုံးတွေကို နံပါတ် (number), နှုန်း (rate) (သို့) အဆင့် (level) လျော့နည်းကျဆင်းခြင်း ကိုဖော်ပြရင်း အသုံးပြုပါတယ်။

decline ကတော့ များသောအားဖြင့် အနုတ်လက္ခဏာ (negative) ဖော်ဆောင်တဲ့ နည်းလမ်းတစ်ခုမှာ တစ်စုံတစ်ရာ လျော့နည်းလာခြင်း ဖြစ်တဲ့အခါ အသုံးပြုပါတယ်။

**e.g** Sales **declined** by 2.4% over the month of September.

စက်တင်ဘာလ တစ်လလုံးမှာ အရောင်းဟာ ၂.၄ရာခိုင်နှုန်း ကျဆင်းခဲ့တယ်။

### 2. describe/ explain/ show

သတင်းအချက်အလက်ကို အသေးစိတ် (details) ပေးပြီး အကြောင်းအရင်း မဖော်ပြတဲ့အခါ describe ကို အသုံးပြုပါတယ်။

**e.g** A witness **described** the scene.

သက်သေတစ်ဦးက မြင်ကွင်းကို ဖော်ပြဖြေဆိုခဲ့တယ်။ သတင်းအချက်လက်ပေးပြီး တစ်ဦးတစ်ယောက် ပိုမိုကောင်းမွန်စွာ နားလည်ဖို့ ကူညီပေးရန် အကြောင်းပြချက်တွေ (Reasons) တွေပေးပြီး ရှင်းလင်းပြောဆိုတာကို **explain** အနေဖြင့် အသုံးပြုပါတယ်။

mgyoe.com

**e.g** He tried to **explain** the meaning of the word.

သူဟာ စကားလုံးရဲ့ အဓိပ္ပာယ်ကို ရှင်းပြဖို့ ကြိုးစားခဲ့တယ်။
အချက်အလက်တွေ၊ သုတေသန (research) တွေ (သို့) ဂရပ်ဖ် (graph) တွေကို ပြောဆိုပြသတဲ့အခါ show ကိုအသုံးပြုပါတယ်။

**e.g** Surveys **showed** that the numbers of people using the buses had risen.

ဘတ်စ်ကားတွေ အသုံးပြုနေတဲ့ လူအရေအတွက်ကို စူးစမ်းလေ့လာမှုက ပြသခဲ့တယ်။

## 3. disability/ disabled/ handicap/ handicapped

ရုပ်ပိုင်းဆိုင်ရာ မစွမ်းဆောင်နိုင်မှုတွေ (physical disabilities) ရှိတဲ့ လူတွေအကြောင်း ပြောဆိုရေးသားရာမှာ disability နဲ့ disabled ကို အသုံးပြုပါတယ်။

Handicap နဲ့ handicapped ကတော့ old fashined အနေနဲ့ ယခုအခါ စဉ်းစားကြပြီး တစ်ခါတစ်ရံမှာ offensive စိတ်အနှောင့်အယှက်၊ စက်ဆုပ်ဖွယ်ရာအဖြစ် သုံးကြပါတယ်။

## 4. disc/ disk

disc က ဗြိတိသျှအင်္ဂလိပ်စာ (British English) ကအသုံးအနှုန်းတစ်ခု ဖြစ်ပါတယ်။ disc ကို များသောအားဖြင့် လုံးဝန်းပြီးပြားသော အရာဝတ္ထုအနေနဲ့ သုံးလေ့ရှိပါတယ်။ disk ကို သတင်းအချက်အလက်တွေ သိမ်းဆည်းတဲ့ ကွန်ပျူတာနဲ့ အစိတ်အပိုင်းအနေနဲ့ အသုံးပြုပါတယ်။ American English မှာတော့ နှစ်ခုစလုံးအတွက် disk ကိုပဲသုံးပါတယ်။

## 5. dress/ clothes/ costume/ clothing

clothes or clothing ကိုလူတွေ ဝတ်ဆင်တဲ့ပစ္စည်းတွေအကြောင်း ယေဘုယျ ပြောဆိုရေးသားရာမှာ အသုံးပြုပါတယ်။

dress ကတော့ သီးခြားစတိုင် (သို့) အဝတ်အထည်ကို ပြောဆိုရာမှာ သုံးပါတယ်။

mgyoe.com

mgyoe.com

**e.g traditional Myanmar dress**

ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာ မြန်မာဝတ်စုံ

costume ကတော့ တစ်ဦးတစ်ယောက်အနေနဲ့ ဖျော်ဖြေတင်ဆက်မှု (performace)အတွက် အထူးဝတ်ဆင်ရတဲ့ အဝတ်အစားအစုစုကို ခေါ်ပါတယ်။ (အခမ်းအနားဝတ်စုံမျိုးကို ဆိုလိုပါတယ်။)

## 6. income/ earnings/ pay/ wages/ salary

Income ကိုလူတွေအလုပ်လုပ်ခြင်းမှ ရရှိတဲ့ ငွေကြေးတစ်စုံတစ်ရာကို ဖော်ပြဖို့ ယေဘုယျသုံးစွဲခဲ့ပါတယ်။ ဝင်ငွေလို့ အဓိပ္ပာယ်ရပါတယ်။ တခြားအရင်းအမြစ် (sources) တွေဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှု (Investment) နဲ့ ပင်စင် (pension) မှရရှိတဲ့ ဝင်ငွေကိုလည်း Income အနေနဲ့ သုံးစွဲပါတယ်။

earnings ကတော့ လူတစ်ဦးတစ်ယောက်အနေနဲ့ အလုပ်လုပ်ခြင်းမှ လက်ခံရရှိတဲ့ ငွေကြေးတစ်စုံတစ်ရာအဖြစ်သုံးစွဲပါတယ်။

**e.g** average earnings (ပျမ်းမျှဝင်ငွေ)

pay ကတော့ အလုပ်တစ်ခု (Job) အတွက် လူတွေကိုပေးရတဲ့ ငွေကြေးကို ဖော်ညွှန်းပါတယ်။ Pay ဟာ ရေတွက်လို့မရတဲ့နာမ် (incountable noun) ဖြစ်ပါတယ်။ တစ်ဦးချင်းကို ပြောဆိုတာထက်စာရင် အလုပ်အမျိုးအစားတစ်ခုအတွက် ပေးရတဲ့ပမာဏကို ရည်ညွှန်းရာမှာ pay ကိုသုံးပါတယ်။

**e.g** workers are striking over **pay** and conditions.

အလုပ်သမားတွေဟာ လုပ်ခနဲ့ စည်းကမ်းချက်တွေအပေါ် သပိတ်မှောက်နေကြတယ်။

wages ကတော့ စက်ရုံတွေ၊ ဆိုင်တွေ၊ အလုပ်အတွက်လူတွေကို ပေးရတဲ့ ငွေကြေးဖြစ်ပါတယ်။ သူတို့အလုပ်လုပ်တဲ့အချိန် နာရီပေါ် မူတည်ပြီး အပတ်စဉ်မျိုး ပေးရတဲ့အခါမှာလည်း wages ကိုသုံးလေ့ရှိပါတယ်။

**e.g** The national minimum **wage**

တစ်နိုင်ငံလုံးရဲ့ အနည်းဆုံးလုပ်ခ salary ကတော့ ရုံးတစ်ရုံးမှာ

mgyoe.com

mgyoe.com

အလုပ်လုပ်တဲ့ တစ်ဦးတစ်ယောက်ရရှိတဲ့ ဝင်ငွေအဖြစ်အသုံးပြုပါတယ်။ အသက်မွေးဝမ်းကျောင်းအလုပ်အတွက် လစဉ်ပေးရတဲ့ ငွေ(လစာငွေ) အဖြစ်လည်း အသုံးပြုပါတယ်။ နှစ်စဉ် ပုံသေပမာဏရရှိငွေကိုလည်း salary အဖြစ်သုံးပါတယ်။

**e.g** an annual salary (နှစ်စဉ်ရရှိငွေ) (တစ်နှစ်လစာ)

## 7. elderly/ old

အသက်အိုမင်းတဲ့ လူတွေအကြောင်း ယဉ်ကျေးတဲ့နည်းလမ်း (polite way) နဲ့ ပြောဆိုရေးသားရာမှာ elderly ကို အသုံးပြုပါတယ်။ ရေးသားမှုမှာ ပိုသင့်တော်ပါတယ်။ အိုမင်းခြင်းဖြစ်စဉ် (aging process) ကို ဖော်ပြရာမှာ old ကိုသုံးလေ့ရှိပါတယ်။

**e.g(1)** get older = ပိုအိုမင်းလာပြီ။

**e.g(2)** old age = အိုမင်းတဲ့ အသက်အရွယ်

**e.g(3)** Cell renewal slows down as we get older

ကျွန်တော်တို့ ပိုမိုအိုမင်းလာတဲ့အခါ ဆဲလ်အသစ်ဖြစ်မှုက နှေးကွေးလာတယ်။

တိရစ္ဆာန်နဲ့ အရာဝတ္ထုတွေ အိုမင်း/ဟောင်းသွားတဲ့အခါ old ကို သုံးပါတယ်။

**e.g** an old building = ဟောင်းနေတဲ့ အဆောက်အဦ

The elderly ကိုတော့ noun အနေနဲ့ သုံးပါတယ်။

အသက်ကြီးတဲ့ လူတွေအကြောင်း အုပ်စုတစ်စုအနေနဲ့ ပြောဆိုရေးသားရာမှာလည်း The elderly ကိုအသုံးပြုပါတယ်။

**e.g** The elderly group = သက်ကြီးရွယ်အိုအုပ်စု

## 8. especially/ specially

ဒီ adverb တွေမှာ တူညီတဲ့အဓိပ္ပာယ်ရှိပါတယ်။ အသွင်အပြင်လက္ခဏာ (သို့) အရည်အသွေးကို အာရုံစိုက်ပြောဆိုရာမှာ ဒီ adverb တွေကို adjective ရဲ့ရှေ့မှာ အသုံးပြုပါတယ်။

ဒါပေမယ့် specially က informal writing မှာ သုံးပါတယ်။

mgyoe.com

mgyoe.com

especially က formal writing မှာ သုံးပါတယ်။

**e.g** People should be **especially** careful driving at downtown area.

လူတွေဟာ မြို့လယ်ကောင်နေရာမှာ အထူးသဖြင့် ဂရုတစိုက် မောင်းနှင်ခြင်း ပြုလုပ်သင့်ပါတယ်။

တခြား context တွေမှာ especially နဲ့ specially ရဲ့အဓိပ္ပာယ်တွေက ကွဲပြားခြားနားပါတယ်။

တခြားအရာတွေ/တခြားလူတွေထက်စာရင် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက် (သို့) အရာဝတ္ထုတစ်ခုကို ပိုမိုအသုံးချဖော်ပြချင်တဲ့ တစ်စုံတစ်ရာကို especially နဲ့ အသုံးပြုပါတယ်။

**e.g** Later Chapters cover marine policy, **especially** regarding the coastal zone and pollution.

အထူးသဖြင့် ကမ်းရိုးတန်းဇုန်နဲ့ ညစ်ညမ်းမှုနဲ့ စပ်လျဉ်းတဲ့ ရေကြောင်းပေါ်လစီကို လွှမ်းခြုံတဲ့နောက် လာမယ့်အခန်းတွေ။

သီးခြားကိစ္စရပ် (special purpose) တစ်ခုအတွက် ပြုလုပ်ပြီးတဲ့ တစ်စုံတစ်ရာကို specially အသုံးပြုပါတယ်။

**e.g** facilities specially designed for customers ဖောက်သည်တွေအတွက် အထူးပုံဖော်ထားတဲ့ အခင်းအကျင်းများ။

## 9. everyday/ every day

everyday ဟာ adjective ဖြစ်ပြီး noun ရဲ့ရှေ့မှာသုံးပါတယ်။ တစ်စုံတစ်ရာဟာ ဘဝရဲ့ပုံမှန်အစိတ်အပိုင်းဖြစ်တာ ဖော်ပြချင်ရင် အသုံးပြုပါတယ်။

**e.g** everyday occurance (နေ့တိုင်းဖြစ်ပျက်မှု)

every day လို့ရေးထားရင် each day (တစ်နေ့စီ) လို့ အဓိပ္ပာယ်ရပါတယ်။

**e.g** The store is open every day except Sunday.

စတိုးဆိုင်ဟာ တနင်္ဂနွေမှလွဲပြီး နေ့စဉ်ဖွင့်လှစ်ပါတယ်။

mgyoe.com

mgyoe.com

## အခန်း(၁၀)

### 1. historic/ historical

သမိုင်း (History) နဲ့ဆက်နွယ်နေတဲ့ (သို့မဟုတ်) အတိတ်ကာလမှ အကြောင်းအရာတွေ အကြောင်းပြောဆိုရေးသားရာမှာ historical ကို အသုံးပြုပါတယ်။

**e.g(1)** A detailed analysis of **historical** records

သမိုင်းမှတ်တမ်းများဆိုင်ရာ အသေးစိတ်ကျတဲ့ ဆန်းစစ်သုံးသပ်မှု။

**(2) the historical context**

သမိုင်းမှာ အလွန်အရေးပါတဲ့ တစ်စုံတစ်ရာကို ဖော်ပြရန် historic ကို အသုံးပြုပါတယ်။ အနာဂတ်တွင် သတိရမယ့် အလွန်အရေးပါတဲ့ မကြာသေးမီက အဖြစ်အပျက်ကို ဖော်ပြရန် historic ကို အသုံးပြုပါတယ်။

**e.g** A battery of cameras captured the **historic** moment on film.

ကင်မရာတွေရဲ့ ဘက်ထရီက ဖလင်ပေါ်က သမိုင်းဝင် အချိန်ကို သိမ်းယူခဲ့တယ်။

### 2. people/ public/ individuals

လူမှုအဖွဲ့အစည်းတစ်ခုရှိ လူတိုင်း(သို့)ကြီးမားတဲ့ အုပ်စုကိုရည်ညွှန်းရင် people ကို အသုံးပြုရပါတယ်။

mgyoe.com

mgyoe.com

တိုင်းပြည်တစ်ပြည်ကို (သို့) လူ့အဖွဲ့အစည်းတစ်ခုရှိ သာမန်ပုဂ္ဂိုလ်များ ကို ရည်ညွှန်းရင် public ကို အသုံးပြုရပါတယ်။

**e.g(1)** issues affecting young **people**
လူငယ်ပုဂ္ဂိုလ်များကို သက်ရောက်စေတဲ့ ပြဿနာများ။
**(2)** the government of misleading the **public**
လူထုကို ဦးဆောင်မှု လွဲချော်နေတဲ့အစိုးရ။
အုပ်စုတစ်စုထက်စာရင် တစ်ဦးတစ်ယောက်စီကို သီးခြားအနေဖြင့် စဉ်းစားတဲ့လူပုဂ္ဂိုလ်များကို ရည်ညွှန်းရာမှာ individuals ကို အသုံးပြုပါတယ်။

**e.g** the genetic differences between any two individuals.

## 3. Information (သတင်းအချက်အလက်)

Information ဟာ ရေတွက်လို့မရတဲ့နာမ် (uncountable noun) ဖြစ်ပါတယ်။

**e.g(1)** The information is stored on a database.
သတင်းအချက်အလက်ကို database မှာ သိမ်းဆည်းထားတယ်။
**(2)** a piece of information = သတင်းအချက်အလက် အစိတ်အပိုင်းတစ်ခု။
**(3)** on item of information = သတင်းအချက်အလက်အမျိုးအစားတစ်ခု။

## 4. things/ object/ item

အရာဝတ္ထုများ၊ အိုင်ဒီယာများ၊ အဖြစ်အပျက်များကို ရည်ညွှန်းရာမှာ things ကိုအသုံးပြုပါတယ်။
ထိတွေ့လို့ရတဲ့ ရုပ်ဝတ္ထု(အရာဝတ္ထုများ)ကို ပြောဆိုရေးသားရာမှာ object ကိုအသုံးပြုပါတယ်။

**e.g** a heavy metal object = လေးလံတဲ့သတ္တု အရာဝတ္ထု။

Item ဆိုတာ ရုပ်ဝတ္ထု (သို့) သတင်းအချက်အလက် အစိတ်အပိုင်း ဖြစ်နိုင်ပါတယ်။ စာရင်းတစ်ခု (သို့) စုစည်းထားတဲ့ အစိတ်အပိုင်း

mgyoe.com

mgyoe.com

တစ်ခုဖြစ်တဲ့ တစ်ခုတည်းသောအရာကို ရည်ညွှန်းရာမှ item ကို အသုံးပြုပါတယ်။

**e.g(1)** an **item** of ကို **uncountable** noun ရှေ့မှာအသုံးပြုကြပါတယ်။

**e.g(2)** The average brain stores about a million **items.**
သာမန်ဦးနှောက်ဟာ အစိတ်အပိုင်း တစ်သန်းခန့်ကို သိမ်းဆည်းထားတယ်။

## 5. Job/ work

Job ဆိုတာ uncountable noun ဖြစ်ပါတယ်။ အလုပ်လုပ်ဖို့ခန့်ထားတဲ့ လူပုဂ္ဂိုလ်တစ်ဦးရဲ့ တာဝန်အစုစုကို ပြောဆိုရေးသားရာမှာ Jobလို့ သုံးစွဲပါတယ်။

**e.g** a part-time **job** at a company
ကုမ္ပဏီတစ်ခုမှာရှိတဲ့ အချိန်ပိုင်းအလုပ်။
work ဟာ uncountable noun ဖြစ်ပါတယ်။ ငွေကြေးဝင်ငွေရရှိဖို့တစ်ဦးတစ်ယောက်ပြုလုပ်ရတဲ့ အလုပ်ကိုယေဘုယျကျကျ ပြောဆိုရေးသားရာမှာ work ကိုအသုံးပြုပါတယ်။
ဒီနည်းနဲ့ work ကို အသုံးပြုတဲ့အခါ work ရဲ့ရှေ့မှာ determiner တွေဖြစ်တဲ့ his, my, the စသည်တို့ကိုအသုံးပြုလို့မရပါ။

**e.g(1)** She wasn't at **work** yesterday.
မနေ့က သူမအလုပ်မှာ မရှိခဲ့ဘူး။
She came into **work** as ususal this morning
သည်မနက်မှာ ခါတိုင်းလိုပဲ သူမဟာ အလုပ်သို့လာခဲ့တယ်။
အလုပ်အနေနဲ့ပြုလုပ်ဖို့ လိုအပ်တဲ့သီးခြား အရာတစ်ခုကို ရည်ညွှန်းတဲ့အခါ **a place of work** ကို အသုံးပြုတယ်။

**e.g** We've got a very important **place of work.**
ကျွန်တော်တို့ဟာ အလွန်အရေးပါတဲ့ အလုပ်အစိတ်အပိုင်း တစ်ခုကို ရရှိခဲ့တယ်။

## 6. Kind of/ type of/ sort of

လူတန်းစား (သို့မဟုတ်) အရာဝတ္ထုအမျိုးအစားကို ရေးသားပြောဆိုရာမှာ kind of/ type of နဲ့ sort of ကို အသုံးပြုပါတယ်။

mgyoe.com